**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၁၀၃/၂၀၂၅**

**၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်**

**(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၁၀၆ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကိုဆိုသည်။

(ခ) **လျှောက်ထားသည့်အဖွဲ့အစည်း** ဆိုသည်မှာ ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ပေးရန် လျှောက်ထားသည့် ဥပဒေပုဒ်မ ၅၃ ပါ အဖွဲ့အစည်းတစ်ခုခုကိုဆိုသည်။

(ဂ) **ကြီးကြပ်ကွပ်ကဲရေးအဖွဲ့** ဆိုသည်မှာ ဥပဒေပုဒ်မ ၆၁ ပုဒ်မခွဲ (ခ) ပါ ကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ဦးစီးဌာနက ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

(ဃ) **အခကြေးငွေ** ဆိုသည်မှာ အေဂျင်စီက ဗဟိုဘဏ်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သည့် အခကြေးငွေကိုဆိုသည်။

(င) **ဒေသဆိုင်ရာအညွှန်းပိုင်ရှင်** ဆိုသည်မှာ ဦးစီးဌာန၏ မှတ်ပုံတင်စာရင်းတွင် ဒေသ ဆိုင်ရာအညွှန်းပိုင်ရှင်အဖြစ် အသိအမှတ်ပြု မှတ်တမ်းတင်ခြင်းခံရသည့် အဖွဲ့ အစည်းကိုဆိုသည်။

(စ) **ဒေသဆိုင်ရာအညွှန်းအမှတ်အသား** (Geographical Indication Logo) ဆိုသည်မှာ ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်ရရှိထားသော ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းတွင် အသုံးပြုရန် ဦးစီးဌာနက ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် သတ်မှတ်သည့် အမှတ်အသားကိုဆိုသည်။

(ဆ) **ကန့်ကွက်သူ** ဆိုသည်မှာ ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာ တင်သွင်းသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဆိုသည်။

(ဇ) **မှတ်ပုံတင်ခြင်း** ဆိုသည်မှာ လျှောက်ထားသည့် ဒေသဆိုင်ရာအညွှန်းနှင့်စပ်လျဉ်း၍ စစ်ဆေးရေးအရာရှိက စစ်ဆေးပြီးနောက် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြမှုအပေါ် မှတ်ပုံတင်အရာရှိက စိစစ်၍ မှတ်ပုံတင်ခြင်းကိုဆိုသည်။

(ဈ) **မှတ်ပုံတင်စာရင်း** ဆိုသည်မှာ မှတ်ပုံတင်အရာရှိက ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်းအပါအဝင် ယင်းဒေသဆိုင်ရာအညွှန်းနှင့် သက်ဆိုင်သောအချက်အလက်များကို အီလက်ထရောနစ်နည်းလမ်းအပါအဝင် နည်းလမ်းတစ်မျိုးမျိုးဖြင့် မှတ်တမ်းတင်သည့် စာရင်းကိုဆိုသည်။

(ည) **ကိုယ်စားလှယ်** ဆိုသည်မှာ ဒေသဆိုင်ရာအညွှန်းနှင့်သက်ဆိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လျှောက်ထားသည့်အဖွဲ့အစည်း၊ ကန့်ကွက်သူ၊ အကျိုးသက်ဆိုင်သူ သို့မဟုတ် အယူခံလျှောက်ထားသူ တစ်ဦးဦး၏ ကိုယ်စား ဆောင်ရွက်ရန် နည်းဥပဒေ ၄၇ အရ လွှဲအပ်သည့် ကိုယ်စားလှယ်ကို ဆိုသည်။

(ဋ) **ထင်ပေါ်ကျော်ကြားမှု** ဆိုသည်မှာ ထုတ်လုပ်မှုနယ်ပယ်၊ ကုန်သွယ်မှုနယ်ပယ် သို့မဟုတ် ဆက်စပ်သည့် ကုန်ပစ္စည်းများ၏ အသုံးပြုမှု ကဏ္ဍများတွင် ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းနှင့် ယင်းတို့ထွက်ရှိရာ ဒေသကို ကျယ်ပြန့်စွာ သိရှိနေခြင်းကို ဆိုသည်။

(ဌ) **လျှောက်လွှာပုံစံ** ဆိုသည်မှာ ဥပဒေအရ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် ပုံစံကိုဆိုသည်။

## အခန်း (၂)
## မှတ်ပုံတင်လျှောက်ထားခြင်း

၃။ လျှောက်ထားသည့်အဖွဲ့အစည်းသည် ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်လျှောက်ထားချက်ကို မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြပြီး အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ လျှောက်လွှာပုံစံ GI-1 ဖြင့် ဦးစီးဌာနက သတ်မှတ်သည့် အီလက်ထရောနစ်စနစ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ နိုင်ငံတော်က အသိအမှတ်ပြုထားသည့် စာပို့လုပ်ငန်းတစ်ခုခုမှ ဖြစ်စေ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၄။ လျှော့က်လွှာပုံစံ GI - 1 ပါ ပူးတွဲ တင်ပြရမည့် သတ်မှတ်ချက်စာအုပ်တွင် အောက်ပါ အချက်အလက်များ ပါဝင်ရမည် -

(က) ဒေသဆိုင်ရာအညွှန်းအဖြစ် အကာအကွယ်ရယူမည့် အမည်၊

( ခ ) ဒေသဆိုင်ရာအညွှန်းလျှော့က်ထားသော ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းဆိုင်ရာ ဖော်ပြချက်၊

မှတ်ချက်။ ကုန်ကြမ်းပစ္စည်းများနှင့် ယင်းကုန်ကြမ်းပစ္စည်းများ၏ အဓိကရုပ်ပိုင်း ဆိုင်ရာ၊ ဓာတ်ပစ္စည်းပိုင်းဆိုင်ရာ၊ အဏုဇီဝဆိုင်ရာ သို့မဟုတ် အာရုံခံ ထိတွေ့နိုင်မှုဆိုင်ရာ ဝိသေသလက္ခဏာရပ်များရှိခဲ့လျှင် ဖော်ပြပေး ရမည်။

( ဂ ) ဒေသဆိုင်ရာအညွှန်းအဖြစ်ညွှန်းဆိုသည့် ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းသည် သတ်မှတ်ထားသောဒေသမှ စတင်ပေါ်ပေါက်ကြောင်း ဖော်ပြချက်၊

(ဃ) ဒေသဆိုင်ရာအညွှန်းအဖြစ်ညွှန်းဆိုသည့် ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းကို ရရှိသည့် နည်းလမ်းဖော်ပြချက်၊

( င ) ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်း၏ တိကျစွာ သတ်မှတ်ထားသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် ဝိသေသလက္ခဏာများ၊ မူရင်းဒေသနှင့် ထုတ်လုပ်မှု နည်းစနစ်တို့၏ ဆက်စပ်မှုကို ဖော်ပြထားသော အသေးစိတ် အချက်အလက်များ၊

( စ ) နည်းဥပဒေခွဲ (င) တွင် ရည်ညွှန်းထားသော ဆက်စပ်မှုနှင့်စပ်လျဉ်း၍ ကန့်သတ် ထားသော ပထဝီဝင်ဧရိယာ၊

(ဆ) ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းနှင့် စပ်လျဉ်း၍ သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်း၏ စစ်ဆေးချက်ရလဒ်၊

( ဇ ) ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်း နှင့် သတ်မှတ်ချက်စာအုပ်ပါ ဖော်ပြချက်များ ကိုက်ညီမှန်ကန်ကြောင်း စစ်ဆေးသည့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ အမည်နှင့် လိပ်စာ၊

( ဈ ) ဒေသဆိုင်ရာအညွှန်းအဖြစ် ညွှန်းဆိုသည့် ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းကို ထုတ်လုပ်မှုနည်းစဉ်အတိုင်း ထုတ်လုပ်ရန် ထိန်းချုပ်သည့် နည်းလမ်း၊

(ည) ဒေသဆိုင်ရာအညွှန်းအဖြစ် ညွှန်းဆိုသည့် ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းအတွက် ကုန်အညွှန်း အမှတ်အသား ဖော်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များ၊

( ဋ ) အခြားသော အချက်အလက်များ (ရှိလျှင်)။

၅။ သတ်မှတ်ချက်စာအုပ်တင်ပြရာတွင် အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည် -

(က) ဒေသဆိုင်ရာအညွှန်းအဖြစ်ညွှန်းဆိုသည့် ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းသည် သတ်မှတ်ထားသောဒေသမှ စတင်ပေါ်ပေါက်ကြောင်း သက်သေခံ အထောက်အထားများ၊

(ခ) ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းနှင့် သတ်မှတ်ချက်စာအုပ်ပါ ဖော်ပြချက်များ ကိုက်ညီမှန်ကန်ကြောင်း သက်ဆိုင်သည့် ဌာန၊ အဖွဲ့အစည်းက အသိအမှတ်ပြုထားသော စာရွက်စာတမ်းများ။

## အခန်း (၃)

## လျှောက်ထားချက်ကို စစ်ဆေးခြင်းနှင့် ထုတ်ပြန်ကြေညာခြင်း

၆။ ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အခကြေးငွေကို ဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းအတိုင်းပေးသွင်းပြီး ဥပဒေ ပုဒ်မ ၅၄ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသော ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်လျှောက်ထားချက်အား ဦးစီးဌာနက လက်ခံရရှိသည့် နေ့ကို နိုင်ငံတော်တွင် မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့်နေ့အဖြစ် မှတ်ပုံတင်အရာရှိက သတ်မှတ်ရမည်။

၇။ စစ်ဆေးရေးအရာရှိသည် ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်လျှောက်ထားချက်နှင့် စပ်လျဉ်း၍ -

(က) ဥပဒေပုဒ်မ ၅၃ ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိ မရှိ စစ်ဆေးပြီး ညီညွတ်မှုမရှိပါက တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ခ) ဥပဒေပုဒ်မ ၅၃ ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပြီး ဥပဒေပုဒ်မ ၅၄ ပါ သတ်မှတ်ချက်များ၊ ဤနည်းဥပဒေများ အခန်း (၂) ပါ အချက်များနှင့် လျှောက်လွှာ ပုံစံ GI – 1 ပါ အချက်များ ပြည့်စုံစွာ ပါဝင်၍ ဥပဒေပုဒ်မ ၅၅ ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်း မရှိကြောင်း စစ်ဆေးတွေ့ရှိပါက လျှောက်ထားချက်ကို သဘောထား မှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ဂ) ဥပဒေပုဒ်မ ၅၃ ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပြီး ဥပဒေပုဒ်မ ၅၄ ပါ သတ်မှတ်ချက်များ၊ ဤနည်းဥပဒေများ အခန်း (၂) ပါ အချက်များနှင့် လျှောက်လွှာ ပုံစံ GI – 1 ပါ အချက်များ ပြည့်စုံစွာပါဝင်ခြင်းမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ ဥပဒေ ပုဒ်မ ၅၅ ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိလျှင်ဖြစ်စေ အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ရန် သို့မဟုတ် ရှင်းလင်းချက်များ တင်ပြရန် မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားသည့် အဖွဲ့အစည်းထံ အကြောင်းကြားရမည်။

(ဃ) လျှောက်ထားသည့် အဖွဲ့အစည်းက နည်းဥပဒေခွဲ (ဂ) အရ သတ်မှတ်သည့် အချိန်ကာလအတွင်း ပြင်ဆင်ခြင်း သို့မဟုတ် ရှင်းလင်းတင်ပြခြင်းမရှိလျှင် အဆိုပါ လျှောက်ထားချက်ကို စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(င) နည်းဥပဒေခွဲ (ဂ) အရ သတ်မှတ်သည့် အချိန်ကာလအတွင်း ပြင်ဆင်ချက် သို့မဟုတ် ရှင်းလင်းချက်ကို လက်ခံရရှိပါက စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(စ) စာရွက်စာတမ်းမူရင်းအထောက်အထားများ လိုအပ်ပါက လျှောက်ထားသည့် အဖွဲ့အစည်းထံ တောင်းခံနိုင်သည်။

၈။ မှတ်ပုံတင်အရာရှိသည် -

(က) နည်းဥပဒေ ၇ နည်းဥပဒေခွဲ (က) အရ တင်ပြသော စစ်ဆေးရေးအရာရှိ၏ သဘောထားမှတ်ချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက အဆိုပါ လျှောက်ထားချက်ကို ငြင်းပယ်ကြောင်း လျှောက်ထားသည့် အဖွဲ့အစည်းထံ အကြောင်းကြားရမည်။

(ခ) နည်းဥပဒေ ၇ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲ (င) သို့မဟုတ် နည်းဥပဒေ ၁၁ နည်းဥပဒေခွဲ (ဂ) အရ တင်ပြသော စစ်ဆေးရေးအရာရှိ၏ သဘောထားမှတ်ချက်ကို စိစစ်ပြီး မှန်ကန်ပါက လျှောက်ထားချက်တွင် ပါဝင်သော အကြောင်းအရာများနှင့် အချက်အလက်များကို ထုတ်ပြန်ကြေညာရမည်။

၉။ မှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၈ နည်းဥပဒေခွဲ (ခ) အရ ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ပါဝင်ရမည်-

(က) လျှောက်ထားသည့်အဖွဲ့အစည်း၏ အမည် နှင့် လိပ်စာအပြည့်အစုံ၊

(ခ) လျှောက်ထားသည့်အဖွဲ့အစည်းသည် ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(ဂ) လျှောက်ထားချက်နံပါတ်၊

(ဃ) လျှောက်ထားချက်တင်သွင်းသည့်နေ့ရက်၊

(င) မှတ်ပုံတင်လျှောက်ထားသည့် ဒေသဆိုင်ရာအညွှန်း၊

(စ) ဒေသဆိုင်ရာအညွှန်းအဖြစ် ညွှန်းဆိုသည့် ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်း၊

(ဆ) ဒေသဆိုင်ရာအညွှန်းထွက်ရှိရာဒေသ။

## အခန်း (၄)
## ပြန်လည်လျှောက်ထားခြင်း

၁၀။ လျှောက်ထားသည့်အဖွဲ့အစည်းသည် နည်းဥပဒေ ၇ နည်းဥပဒေခွဲ (ဂ) အရ သတ်မှတ်ကာလအတွင်း လျှောက်ထားချက်ကို ပြင်ဆင်ရန် သို့မဟုတ် ရှင်းလင်းချက်များ တင်ပြရန် ပျက်ကွက်မှုကြောင့် ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်လျှောက်ထားချက်နှင့် စပ်လျဉ်းသည့် အခွင့်အရေးဆုံးရှုံးမှုဖြစ်ပေါ်စေမည်ဆိုပါက ခိုင်လုံသောအကြောင်းပြချက်ဖြင့် စွန့်လွှတ်ခံရသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ လျှောက်လွှာပုံစံ GI-3 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၁၁။ စစ်ဆေးရေးအရာရှိသည် ပြန်လည်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ -

(က) အချက်အလက်၊ အထောက်အထားများ ပြည့်စုံမှုမရှိကြောင်းတွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားသည့် အဖွဲ့အစည်းထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသည့်အဖွဲ့အစည်းက နည်းဥပဒေခွဲ (က) အရ သတ်မှတ်သည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်း မရှိလျှင် အဆိုပါလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်၊ အထောက်အထားများ ပြည့်စုံကြောင်းတွေ့ရှိလျှင် လျှောက်ထားချက်ကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

## အခန်း (၅)
## စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်ခြင်း

၁၂။ လျှောက်ထားသည့်အဖွဲ့အစည်းသည် မှတ်ပုံတင်အရာရှိက ဒေသဆိုင်ရာအညွှန်းအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း မပြုမီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အေဂျင်စီက ဆုံးဖြတ်ချက် မချမှတ်မီဖြစ်စေ လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်း အထောက်အထား တစ်ခုခုတွင် ပါရှိသည့် စာအရေးအသားအမှားနှင့် မှတ်ပုံတင်အရာရှိက ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ လျှောက်လွှာပုံစံ GI- 4 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၁၃။ မှတ်ပုံတင်အရာရှိသည် ပြင်ဆင်ပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍-

(က) အချက်အလက်၊ အထောက်အထားများ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသည့် အဖွဲ့အစည်းထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသည့်အဖွဲ့အစည်းက နည်းဥပဒေခွဲ (က) အရ သတ်မှတ်သည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်၊ အထောက်အထားများ ပြည့်စုံကြောင်း တွေ့ရှိလျှင် ပြင်ဆင်ပေးရန် တောင်းဆိုသည့် အချက်အလက်များကို ပြင်ဆင်၍ လျှောက်ထားသည့်အဖွဲ့အစည်းထံ အကြောင်းကြားရမည်။

၁၄။ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အေဂျင်စီက ဆုံးဖြတ်ချက် မချမှတ်မီ ပြင်ဆင်ပေးရန် လျှောက်ထားခြင်းဖြစ်ပါက မှတ်ပုံတင်အရာရှိသည် ယင်းလျှောက်ထားချက်နှင့် စပ်လျဉ်း၍ အေဂျင်စီထံ အကြောင်းကြားရမည့်အပြင် နည်းဥပဒေ ၁၃ ပါ ဆောင်ရွက်ထားရှိမှုကို အေဂျင်စီထံ ထပ်မံအကြောင်းကြားရမည်။

## အခန်း (၆)
## လျှောက်ထားချက်ကို ရုပ်သိမ်းခြင်း

၁၅။ လျှောက်ထားသည့်အဖွဲ့အစည်းသည် ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို မှတ်ပုံတင်အရာရှိက ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းမပြုမီ လျှောက်ထားချက်ကို ရုပ်သိမ်းလိုပါက လျှောက်လွှာပုံစံ GI – 5 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၁၆။ မှတ်ပုံတင်အရာရှိသည် လျှောက်ထားချက်ကို ရုပ်သိမ်းပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍-

(က) အချက်အလက်၊ အထောက်အထားများ ပြည့်စုံမှုမရှိကြောင်းတွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသည့်အဖွဲ့အစည်းထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသည့်အဖွဲ့အစည်းက နည်းဥပဒေခွဲ (က) အရ သတ်မှတ်သည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်၊ အထောက်အထားများ ပြည့်စုံကြောင်းတွေ့ရှိလျှင် လျှောက်ထားချက်ကို ရုပ်သိမ်းရမည်။ ယင်းသို့ ရုပ်သိမ်းကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး လျှောက်ထားသည့်အဖွဲ့အစည်းထံ အကြောင်းကြားရမည်။

(ဃ) နည်းဥပဒေ ၈ နည်းဥပဒေခွဲ (ခ) အရ ထုတ်ပြန်ကြေညာပြီးနောက် ရုပ်သိမ်းသည့် လျှောက်ထားချက်ဖြစ်ပါက ယင်းသို့ ရုပ်သိမ်းကြောင်းထုတ်ပြန်ကြေညာရမည်။

(င) နည်းဥပဒေ ၈ နည်းဥပဒေခွဲ (ခ) အရ ထုတ်ပြန်ကြေညာခြင်းမပြုမီ ရုပ်သိမ်းသည့် လျှောက်ထားချက်ဖြစ်ပါက ထုတ်ပြန်ကြေညာခြင်းမပြုရ။

## အခန်း (၇)
## လျှောက်ထားချက်ကိုကန့်ကွက်ခြင်း

၁၇။ ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ဥပဒေပုဒ်မ ၅၅ ပါ အချက်တစ်ရပ်ရပ်အပေါ် အခြေခံ၍ နည်းဥပဒေ ၈ နည်းဥပဒေခွဲ (ခ) အရ ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲပြီး လျှောက်လွှာပုံစံ GI – 6 ဖြင့် မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။ ကန့်ကွက်လွှာနှင့်အတူ ပူးတွဲပါရှိသည့် စာရွက်စာတမ်းများအားလုံးကို မိတ္တူနှစ်စုံဖြင့် တင်ပြရမည်။

၁၈။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာတင်သွင်းခြင်းနှင့် စပ်လျဉ်း၍ -

(က) နည်းဥပဒေ ၁၇ အရ သတ်မှတ်သည့် အချိန်ကာလအတွင်း ကန့်ကွက်လွှာ တင်သွင်းခြင်း ရှိ မရှိ စစ်ဆေးပြီး သတ်မှတ်ကာလ ကျော်လွန်ပြီးမှ လျှောက်ထားသော ကန့်ကွက်လွှာကို ငြင်းပယ်ကြောင်း ကန့်ကွက်သူထံ အကြောင်းကြားရမည်။

(ခ) သတ်မှတ်ကာလအတွင်း လျှောက်ထားသော ကန့်ကွက်လွှာဖြစ်ပါက အချက်အလက်၊ အထောက်အထားများ ပြည့်စုံမှု ရှိ မရှိ စစ်ဆေးပြီး ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် ကန့်ကွက်သူထံ အကြောင်းကြားရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ သတ်မှတ်သည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါကန့်ကွက်လွှာသည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဃ) အချက်အလက်၊ အထောက်အထားများ ပြည့်စုံကြောင်းတွေ့ရှိလျှင် ကန့်ကွက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် အထောက်အထားများ၏မိတ္တူကို လျှောက်ထားသည့်အဖွဲ့အစည်းထံပေးပို့ပြီး ကန့်ကွက်ချက်အပေါ် ခုခံချေပချက်ရှိပါက အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ခုခံချေပချက်နှင့်အတူ လိုအပ်သော အထောက်အထားများ၏ မိတ္တူနှစ်စုံကို တင်ပြရန် အကြောင်းကြားရမည်။

( င ) လျှောက်ထားသည့်အဖွဲ့အစည်း၏ ခုခံချေပချက်ကို လက်ခံရရှိပါက ခုခံချေပချက် မိတ္တူတစ်စုံကို ကန့်ကွက်သူထံ ပေးပို့ပြီး ခုခံချေပချက်နှင့် စပ်လျဉ်း၍ ထပ်မံတင်ပြရန်ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြန်လည်ချေပချက်နှင့် ခိုင်လုံသော သက်သေခံ အထောက်အထားများကို မိတ္တူနှစ်စုံနှင့်အတူ တင်ပြရန် အကြောင်းကြားရမည်။

( စ ) ရှင်းလင်းချက်များ ထပ်မံလိုအပ်သည်ဟု ယူဆလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း နောက်ထပ် အကြောင်းပြချက်များ သို့မဟုတ် အခြားစာရွက်စာတမ်းများ (ရှိလျှင်) တင်ပြရန် သက်ဆိုင်ရာ ပုဂ္ဂိုလ်များထံ အကြောင်းကြားနိုင်သည်။

(ဆ) လိုအပ်ပါက နှစ်ဦးနှစ်ဖက်ကို ဆင့်ခေါ်၍ မေးမြန်းနိုင်သည်။

( ဇ ) တင်ပြထားသည့် အကြောင်းပြချက်၊ ခုခံချေပချက်၊ သက်သေခံ အထောက်အထားများနှင့် စာရွက်စာတမ်းများအပေါ် အခြေခံပြီး ကန့်ကွက်ခြင်းနှင့်စပ်လျဉ်း၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ဆုံးဖြတ်ရမည်။

( ဈ ) နည်းဥပဒေခွဲ (ဇ) အရ ဆုံးဖြတ်ချက်ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး သက်ဆိုင်ရာပုဂ္ဂိုလ်များထံ အကြောင်းကြားရမည့်အပြင် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၁၉။ မှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၁၈ နည်းဥပဒေခွဲ (ဈ) အရ ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ပါဝင်ရမည်-

(က) လျှောက်ထားသည့်အဖွဲ့အစည်း၏ အမည် နှင့်လိပ်စာအပြည့်အစုံ၊

( ခ ) လျှောက်ထားသည့်အဖွဲ့အစည်းသည် ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်း ဖြစ်လျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

( ဂ ) လျှောက်ထားချက်နံပါတ်၊

(ဃ) လျှောက်ထားချက်တင်သွင်းသည့်နေ့ရက်၊

( င ) ဆုံးဖြတ်ချက် အကျဉ်းချုပ်၊

( စ ) မှတ်ပုံတင်လျှောက်ထားသည့် ဒေသဆိုင်ရာအညွှန်း၊

(ဆ) ဒေသဆိုင်ရာအညွှန်းအဖြစ် ညွှန်းဆိုသည့် ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်း၊

( ဇ ) ဒေသဆိုင်ရာအညွှန်းထွက်ရှိရာဒေသ။

၂၀။ ကန့်ကွက်သူသည် မှတ်ပုံတင်အရာရှိက နည်းဥပဒေ ၁၈ နည်းဥပဒေခွဲ (ဇ) အရ ဆုံးဖြတ်ခြင်းမပြုမီ တင်သွင်းထားသည့်ကန့်ကွက်လွှာကို ရုပ်သိမ်းပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၂၁။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်သူက နည်းဥပဒေ ၂၀ အရ လျှောက်ထားလာပါက ကန့်ကွက်လွှာနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။ နည်းဥပဒေ ၁၈ နည်းဥပဒေခွဲ (ဃ) အရ အကြောင်းကြားပြီးနောက် ကန့်ကွက်လွှာ ရုပ်သိမ်းပေးရန် လျှောက်ထားခြင်းဖြစ်ပါက ယင်းကိစ္စနှင့်စပ်လျဉ်း၍ လျှောက်ထားသည့် အဖွဲ့အစည်းထံ အကြောင်းကြားရမည်။

## အခန်း (၈)

## မှတ်ပုံတင်ခြင်းနှင့်မှတ်တမ်းတင်ခြင်း

၂၂။ မှတ်ပုံတင်အရာရှိသည် ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်ကို လက်ခံရရှိခြင်း မရှိလျှင် ဖြစ်စေ၊ ကန့်ကွက်ခြင်းတစ်ရပ်ရပ်အပေါ် ရုပ်သိမ်းကြောင်း လက်ခံရရှိလျှင်ဖြစ်စေ၊ ကန့်ကွက်ချက်ကို ငြင်းပယ်ခဲ့လျှင်ဖြစ်စေ အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း မှတ်ပုံတင်အခကြေးငွေ ပေးသွင်းရန် လျှောက်ထားသည့် အဖွဲ့အစည်းထံ အကြောင်းကြားရမည်။ သတ်မှတ်သည့် အချိန်ကာလအတွင်း လျှောက်ထားသည့် အဖွဲ့အစည်းက အခကြေးငွေပေးသွင်းခြင်းမရှိလျှင် မှတ်ပုံတင်ခြင်းကို စွန့်လွှတ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၂၃။ မှတ်ပုံတင်အရာရှိသည် ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) ခွင့်ပြုလျှင် ခွင့်ပြုကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး နည်းဥပဒေ ၂၄ ပါ အချက်အလက်များအတိုင်း အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

(ခ) ငြင်းပယ်လျှင် ငြင်းပယ်ကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး နည်းဥပဒေ ၂၄ ပါ သက်ဆိုင်သည့်အချက်အလက်များကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

(ဂ) မှတ်ပုံတင်ခြင်းကို ခွင့်ပြုပြီးနောက် လျှောက်ထားသည့် အဖွဲ့အစည်းက မှတ်ပုံတင် အခကြေးငွေ ပေးသွင်းပြီးလျှင် ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသည့်အဖွဲ့အစည်းထံ ထုတ်ပေးရမည်။

၂၄။ နည်းဥပဒေ ၂၃ အရ ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရာ၌ အောက်ပါတို့ပါဝင်ရမည်-

(က) လျှောက်ထားချက်နံပါတ်၊

(ခ) လျှောက်ထားချက်တင်သွင်းသည့်နေ့ရက်၊

(ဂ) လျှောက်ထားသည့်အဖွဲ့အစည်း၏ အမည်နှင့် လိပ်စာအပြည့်အစုံ၊ အဖွဲ့အစည်း၏ မှတ်ပုံတင်အမှတ်၊ အမျိုးအစားနှင့် အဖွဲ့အစည်းတည်ရှိသည့် နိုင်ငံအမည်၊

(ဃ) လျှောက်ထားသည့်အဖွဲ့အစည်းသည် ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်း ဖြစ်လျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

( င ) မှတ်ပုံတင်လျှောက်ထားသည့်ဒေသဆိုင်ရာအညွှန်း၊

( စ ) ဒေသဆိုင်ရာအညွှန်းအဖြစ် ညွှန်းဆိုသည့် ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်း၊

(ဆ) လျှောက်ထားသည့်ဒေသဆိုင်ရာအညွှန်းထွက်ရှိရာဒေသ၊

( ဇ ) ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ခွင့်ပြုသည့် သို့မဟုတ် ငြင်းပယ်သည့် နေ့ရက်၊

( ဈ ) ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်နံပါတ်၊

(ည) မှတ်တမ်းတင်သည့် နေ့ရက်၊

( ဋ ) လိုအပ်သည့် အခြားအချက်အလက်များ။

၂၅။ မှတ်ပုံတင်အရာရှိသည် ဒေသဆိုင်ရာအညွှန်းကို မှတ်ပုံတင်ခွင့်ပြုပါက အဆိုပါဒေသဆိုင်ရာအညွှန်း၏ အကာအကွယ်သည် ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင် လျှောက်ထားချက်တင်သွင်းသည့် နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၂၆။ (က) ဒေသဆိုင်ရာအညွှန်းပိုင်ရှင်သည် ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်လက်မှတ်မူရင်း ပျက်စီး သို့မဟုတ် ပျောက်ဆုံးပါက မိတ္တူမှန်ထုတ်ပေးရန် အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ လျှောက်လွှာပုံစံ GI –7 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

( ခ ) မှတ်ပုံတင်အရာရှိသည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်လက်မှတ် မိတ္တူမှန် ထုတ်ပေးရမည်။

## အခန်း (၉)
## မှတ်ပုံတင်စာရင်းကို ပြင်ဆင်ခြင်း

၂၇။ ဒေသဆိုင်ရာအညွှန်းပိုင်ရှင်သည် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသားအမှားနှင့် မှတ်ပုံတင်အရာရှိက ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ လျှောက်လွှာပုံစံ GI-8 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၂၈။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စာရင်းကို ပြင်ဆင်ပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍-

(က) အချက်အလက်၊ အထောက်အထားများ ပြည့်စုံမှုမရှိကြောင်းတွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် ဒေသဆိုင်ရာအညွှန်းပိုင်ရှင်ထံ အကြောင်းကြားရမည်။

(ခ) ဒေသဆိုင်ရာအညွှန်းပိုင်ရှင်က နည်းဥပဒေခွဲ (က) အရ သတ်မှတ်သည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်၊ အထောက်အထားများ ပြည့်စုံကြောင်းတွေ့ရှိလျှင် မှတ်ပုံတင်စာရင်းတွင် ပြင်ဆင်၍ ဒေသဆိုင်ရာအညွှန်းပိုင်ရှင်ထံ အကြောင်းကြားရမည်။

## အခန်း (၁၀)
## ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ထားခြင်းကို တရားမဝင်ကြောင်း ကြေညာခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း

၂၉။ အကျိုးသက်ဆိုင်သူ မည်သူမဆို သို့မဟုတ် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းမဆို ဥပဒေပုဒ်မ ၅၆ ပါ အကြောင်းပြချက်များနှင့် ငြိစွန်းကြောင်းတွေ့ရှိပါက မှတ်ပုံတင်ထားသော ဒေသဆိုင်ရာအညွှန်းကို တရားမဝင်ကြောင်း ကြေညာပေးရန် သို့မဟုတ် ပယ်ဖျက်ပေးရန် အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ လျှောက်လွှာပုံစံ GI-9 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ ယင်းသို့ လျှောက်ထားရာတွင် သက်ဆိုင်သည့် စာရွက်စာတမ်းများ၏ မိတ္တူနှစ်စုံ ပူးတွဲတင်ပြရမည်။

၃၀။ မှတ်ပုံတင်အရာရှိသည် ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်ထားခြင်းကို တရားမဝင်ကြောင်း ကြေညာပေးရန် သို့မဟုတ် ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ -

(က) အချက်အလက်၊ အထောက်အထားများ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသူက နည်းဥပဒေခွဲ (က) အရ သတ်မှတ်သည့် အချိန်ကာလအတွင်း ပြင်ဆင် ဆောင်ရွက်ခြင်း မရှိလျှင် အဆိုပါ လျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်၊ အထောက်အထားများ ပြည့်စုံကြောင်းတွေ့ရှိလျှင် လျှောက်ထားချက်နှင့်အတူ ပူးတွဲတင်ပြသည့် အထောက်အထားများ၏မိတ္တူကို ဒေသဆိုင်ရာအညွှန်းပိုင်ရှင်ထံပေးပို့ပြီး ခုခံချေပချက်ရှိပါက အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ခုခံချေပချက်နှင့်အတူ လိုအပ်သော အထောက်အထားများ၏ မိတ္တူနှစ်စုံကို တင်ပြရန် အကြောင်းကြားရမည်။

(ဃ) ဒေသဆိုင်ရာအညွှန်းပိုင်ရှင်၏ ခုခံချေပချက်ကို လက်ခံရရှိပါက ခုခံချေပချက် မိတ္တူတစ်စုံကို လျှောက်ထားသူထံ ပေးပို့ပြီး ခုခံချေပချက်နှင့်စပ်လျဉ်း၍ ထပ်မံတင်ပြရန်ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြန်လည်

ချေပချက်နှင့် ခိုင်လုံသော သက်သေခံ အထောက်အထားများကို မိတ္တူနှစ်စုံနှင့်အတူ တင်ပြရန် အကြောင်းကြားရမည်။

(င) ရှင်းလင်းချက်များ ထပ်မံလိုအပ်သည်ဟု ယူဆလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း နောက်ထပ်အကြောင်းပြချက်များ သို့မဟုတ် သက်သေခံ အထောက်အထားများတင်ပြရန် သက်ဆိုင်ရာ ပုဂ္ဂိုလ်များထံ အကြောင်းကြားနိုင်သည်။

(စ) လိုအပ်ပါက နှစ်ဦးနှစ်ဖက်ကို ဆင့်ခေါ်၍မေးမြန်းနိုင်သည်။

(ဆ) လျှောက်ထားသည့် အကြောင်းပြချက်၊ တင်ပြသည့် ခုခံချေပချက်၊ ပြန်လည်ချေပချက် (ရှိလျှင်) နှင့် အထောက်အထားတို့ကို စိစစ်ပြီး ဥပဒေ ပုဒ်မ ၅၆ ပါ အချက်များနှင့် ငြိစွန်းခြင်း ရှိ မရှိ ဆုံးဖြတ်ရမည်။

(ဇ) ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ခြင်းကို တရားဝင်ကြောင်း ဆုံးဖြတ်ပါက ယင်းဆုံးဖြတ်ချက်ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး ဒေသဆိုင်ရာအညွှန်းပိုင်ရှင်နှင့် လျှောက်ထားသူတို့ထံ အကြောင်းကြားရမည်။

(ဈ) ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း သို့မဟုတ် ပယ်ဖျက်ကြောင်း ဆုံးဖြတ်ပါက ယင်းဆုံးဖြတ်ချက်ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး ဒေသဆိုင်ရာအညွှန်းပိုင်ရှင်နှင့်လျှောက်ထားသူတို့ထံ အကြောင်းကြားရမည့်အပြင် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၃၁။ နည်းဥပဒေ ၃၀ နည်းဥပဒေခွဲ (ဈ) အရ ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ပါဝင်ရမည်-

(က) ဒေသဆိုင်ရာအညွှန်းပိုင်ရှင်၏ အမည် နှင့် လိပ်စာအပြည့်အစုံ၊

(ခ) ဒေသဆိုင်ရာအညွှန်းပိုင်ရှင်သည် ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ဂ) ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်နံပါတ်၊

(ဃ) ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်ထားခြင်းကို တရားမဝင်ကြောင်းကြေညာခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုရသည့် အကြောင်းအရင်း၊

(င) တရားမဝင်ကြောင်း ကြေညာခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသည့် ဒေသဆိုင်ရာအညွှန်း၊

(စ) တရားမဝင်ကြောင်း ကြေညာခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသည့် ဒေသဆိုင်ရာအညွှန်းထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်း၊

(ဆ) မှတ်ပုံတင်ခြင်းကို ပယ်ဖျက်သည့် နေ့ရက်။

## အခန်း (၁၁)

## ဒေသဆိုင်ရာအညွှန်းအမှတ်အသား (Geographical Indication Logo)

၃၂။ ဦးစီးဌာနသည် ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ထားသော ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းတွင် အသုံးပြုမည့် ဒေသဆိုင်ရာအညွှန်းအမှတ်အသားအား ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

၃၃။ အောက်ပါအချက်များနှင့်ကိုက်ညီသော ပုဂ္ဂိုလ်များသည် ဒေသဆိုင်ရာအညွှန်း အမှတ်အသား အသုံးပြုခွင့်ကို အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ လျှောက်လွှာပုံစံ GI- 10 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်-

(က) ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ထားသော ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းနှင့် စပ်လျဉ်း၍ သတ်မှတ်ဖော်ပြထားသော ဒေသအတွင်း ၎င်း၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နေသူဖြစ်ခြင်း၊

(ခ) လျှောက်ထားသည့် အဖွဲ့အစည်း၏ အသင်းဝင်ဖြစ်ခြင်း၊

(ဂ) သတ်မှတ်ချက်စာအုပ်ပါ အချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း။

၃၄။ မှတ်ပုံတင်အရာရှိသည် ဒေသဆိုင်ရာအညွှန်း အမှတ်အသား အသုံးပြုခွင့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍-

(က) အချက်အလက်၊ အထောက်အထားများ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသူက နည်းဥပဒေခွဲ (က) အရ သတ်မှတ်သည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါ လျှောက်ထားချက်သည် စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်၊ အထောက်အထားများ ပြည့်စုံကြောင်းတွေ့ရှိလျှင် ဒေသဆိုင်ရာအညွှန်း အမှတ်အသားကို အသုံးပြုခွင့်ပေးရမည်။

၃၅။ (က) မှတ်ပုံတင်အရာရှိသည် ဒေသဆိုင်ရာအညွှန်း အမှတ်အသား အသုံးပြုခွင့်ရှိသည့် ပုဂ္ဂိုလ်က နည်းဥပဒေ ၃၃ ပါ အချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် ဒေသဆိုင်ရာအညွှန်း အမှတ်အသား အသုံးပြုခွင့်ကို ရပ်စဲရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ရပ်စဲခြင်းခံရသူက ဒေသဆိုင်ရာအညွှန်းအမှတ်အသား အသုံးပြုခွင့်ကို ပြန်လည်ရရှိလိုပါက နည်းဥပဒေ ၃၃ ပါ အချက်များနှင့် ကိုက်ညီလျှင် မှတ်ပုံတင်အရာရှိထံ ပြန်လည်လျှောက်ထားနိုင်သည်။

(ဂ) ဒေသဆိုင်ရာအညွှန်းအမှတ်အသားအသုံးပြုခွင့်ကို နှစ်ကြိမ်ထက်ပို၍ လျှောက်ထားခွင့်မရှိစေရ။

၃၆။ ဥပဒေ၊ ဤနည်းဥပဒေများနှင့်အညီ မှတ်ပုံတင်ပြီး အကာအကွယ်ရရှိထားသော ဒေသဆိုင်ရာ အညွှန်းဖြင့် ဈေးကွက်တွင်ရောင်းချသည့် ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်း ဖြစ်ပါက ဒေသဆိုင်ရာ အညွှန်း အမှတ်အသားကို ယင်း ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်း၏ ကုန်အညွှန်းအမှတ်အသား နှင့် ယှဉ်တွဲဖော်ပြနိုင်သည်။

၃၇။ ပြည်ပနိုင်ငံတစ်ခုခုတွင် ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ထားပြီး နိုင်ငံတော်တွင် ဒေသဆိုင်ရာ အညွှန်း အကာအကွယ်ရရှိထားသော ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းဖြစ်ပါက ဒေသဆိုင်ရာ အညွှန်းအမှတ်အသားကို ယင်းထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်း၏ ကုန်အညွှန်းအမှတ်အသားနှင့် ယှဉ်တွဲဖော်ပြနိုင်သည်။

၃၈။ ဒေသဆိုင်ရာအညွှန်း အမှတ်အသား အသုံးပြုခွင့်ရှိသည့် ပုဂ္ဂိုလ်များသည် ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဒေသဆိုင်ရာအညွှန်းအမှတ်အသားကို စတစ်ကာဖြင့်ဖြစ်စေ၊ လေဘယ်လ် ဖြင့်ဖြစ်စေ၊ ထုပ်ပိုးမှုပုံစံတွင် ထည့်သွင်းဖော်ပြ၍ဖြစ်စေ ထုတ်လုပ်သုံးစွဲခွင့်ရှိသည်။

၃၉။ မှတ်ပုံတင်အရာရှိသည် ဒေသဆိုင်ရာအညွှန်း အမှတ်အသား အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ စီမံခန့်ခွဲခွင့်ရှိသည်။

၄၀။ မှတ်ပုံတင်အရာရှိသည် ဒေသဆိုင်ရာအညွှန်း အမှတ်အသား အသုံးပြုခွင့်ကို အောက်ပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါက ရုပ်သိမ်းရမည် -

(က) ဒေသဆိုင်ရာအညွှန်း အမှတ်အသား အသုံးပြုခွင့်ရှိသူက နည်းဥပဒေ ၃၈ အရ သတ်မှတ်ထားသည်မှ လွဲ၍ အခြားပုံစံဖြင့် အသုံးပြုခြင်း၊

(ခ) နည်းဥပဒေ ၃၀ နည်းဥပဒေခွဲ (ဈ) အရ ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း သို့မဟုတ် ပယ်ဖျက်ကြောင်း ဆုံးဖြတ်ခံရခြင်း။

## အခန်း (၁၂)
## ဒေသဆိုင်ရာအညွှန်းနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲခြင်း

၄၁။ ဦးစီးဌာနသည် ဥပဒေပုဒ်မ ၆၁ ပုဒ်မခွဲ (ခ) ပါ ကိစ္စရပ်များ ကြီးကြပ်ကွပ်ကဲနိုင်ရန် ဦးစီးဌာနမှ ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်နေသော အရာရှိများ၊ သက်ဆိုင်ရာဌာန၊ အဖွဲ့ အစည်းမှ တာဝန်ရှိသူများ၊ ဒေသဆိုင်ရာအညွှန်းအဖြစ် မှတ်ပုံတင်ထားသော ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းနှင့်စပ်လျဉ်းသည့် ပြင်ပ ကျွမ်းကျင်ပညာရှင်များ အပါအဝင် အဖွဲ့ဝင် ကိုးဦးထက်မပိုသော ပုဂ္ဂိုလ်များဖြင့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၄၂။ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့သည်-

(က) ဒေသဆိုင်ရာအညွှန်းအဖြစ် မှတ်ပုံတင်ထားသည့် ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းနှင့် သတ်မှတ်ချက်စာအုပ်ပါ အချက်များ ကိုက်ညီမှု ရှိ မရှိ စိစစ် အတည်ပြုရမည်။

( ခ ) မှတ်ပုံတင်ထားသောဒေသဆိုင်ရာအညွှန်းအမည်အား ဈေးကွက်တွင် အသုံးပြုမှုနှင့် စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲရမည်။

( ဂ ) ထုတ်လုပ်သူများ၊ ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်း၏အရေအတွက်နှင့် ပမာဏစသည့်စာရင်းများပါဝင်သည့် နှစ်ပတ်လည် အစီရင်ခံစာကို မှတ်ပုံတင်အရာရှိထံ နှစ်စဉ်ပေးပို့ရမည်။

၄၃။ မှတ်ပုံတင်အရာရှိသည် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့က နှစ်ပတ်လည် အစီရင်ခံစာ ပေးပို့ရမည့်နေ့ရက်ကို သတ်မှတ်ရမည်။

၄၄။ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့သည် ဒေသဆိုင်ရာအညွှန်းအဖြစ် မှတ်ပုံတင်ထားသော ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းနှင့် သတ်မှတ်ချက် စာအုပ်ပါ အချက်အလက်များ ကိုက်ညီမှု မရှိကြောင်း စစ်ဆေးတွေ့ရှိပါက သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၄၅။ မှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၄၄ အရ တင်ပြချက်ကို စိစစ်ပြီး ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်း ထုတ်လုပ်သူအား အောက်ပါအချက်တစ်ရပ်ရပ် ဆုံးဖြတ်နိုင်သည်-

(က) မှတ်ချက်နှင့် အကြံဉာဏ်များပေးခြင်း၊

( ခ ) သတိပေးခြင်း၊

( ဂ ) ဒေသဆိုင်ရာအညွှန်း အသုံးပြုခွင့်ကို ယာယီဆိုင်းငံ့ခြင်း၊

(ဃ) ဒေသဆိုင်ရာအညွှန်း အသုံးပြုခွင့်ကို ရုပ်သိမ်းခြင်း။

၄၆။ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့က ဒေသဆိုင်ရာအညွှန်းအဖြစ် မှတ်ပုံတင်ထားသော ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းနှင့် သတ်မှတ်ချက်စာအုပ်ပါ အချက်အလက်များ ကိုက်ညီမှုရှိစေရန် ကြီးကြပ်ကွပ်ကဲသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ကျသည့် ကုန်ကျစရိတ်များကို အကျိုးသက်ဆိုင်သူများမှ ပေးဆောင်ရမည်။

## အခန်း (၁၃)
## ကိုယ်စားလှယ် လွှဲအပ်ခြင်း

၄၇။ (က) လျှောက်ထားသည့် အဖွဲ့အစည်း၊ ကန့်ကွက်သူ၊ အကျိုးသက်ဆိုင်သူ သို့မဟုတ် အယူခံလျှောက်ထားသူသည် ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်လျှောက်ထားချက် အပါအဝင် မည်သည့်လျှောက်ထားချက်တွင်မဆို ကိုယ်စားလှယ်လွှဲအပ် ဆောင်ရွက်နိုင်သည်။

( ခ ) လျှောက်ထားသည့် အဖွဲ့အစည်း၊ ကန့်ကွက်သူ၊ အကျိုးသက်ဆိုင်သူ သို့မဟုတ် အယူခံလျှောက်ထားသူသည် ကိုယ်စားလှယ်လွှဲအပ်၍ ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်အတွင်းနေထိုင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသည့် အသက် ၁၈ နှစ် ပြည့်ပြီး ဝန်ကြီးဌာနက သတ်မှတ်သည့် အချက်များ (ရှိလျှင်) နှင့် ပြည့်စုံသူကို လျှောက်လွှာပုံစံ GI-2 သို့မဟုတ် GI-11 ဖြင့် လွှဲအပ်ရမည်။

၄၈။ နည်းဥပဒေ ၄၇ အရ ကိုယ်စားလှယ်လွှဲအပ်ဆောင်ရွက်ရာတွင် ကိုယ်စားလှယ် တစ်ဦးထက်ပို၍ လွှဲအပ်နိုင်သည်။ ယင်းသို့ လွှဲအပ်ရာတွင် လျှောက်ထားချက်၌ ဆက်သွယ်ဆောင်ရွက်ရမည့် ကိုယ်စားလှယ်တစ်ဦး၏ အမည်နှင့်အချက်အလက်များကို ဖော်ပြရမည်ဖြစ်ပြီး ကျန်ကိုယ်စားလှယ်များ၏ အမည်နှင့် အချက်အလက်များကို နောက်ဆက်တွဲဖြင့် ပူးတွဲ တင်ပြရမည်။

၄၉။ လျှောက်ထားသည့်အဖွဲ့အစည်း၊ ကန့်ကွက်သူ၊ အကျိုးသက်ဆိုင်သူ သို့မဟုတ် အယူခံလျှောက်ထားသူသည် ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင် လျှောက်ထားချက်အပါအဝင် မည်သည့်လျှောက်ထားချက်တွင်မဆို ကိုယ်စားလှယ် လွှဲအပ်၍ ဆောင်ရွက်လျှင် လျှောက်လွှာပုံစံ GI-2 သို့မဟုတ် GI-11 ပူးတွဲ တင်ပြရမည်။

၅၀။ လျှောက်ထားသည့်အဖွဲ့အစည်း၊ ကန့်ကွက်သူ၊ အကျိုးသက်ဆိုင်သူ သို့မဟုတ် အယူခံလျှောက်ထားသူ၏ အမြဲတမ်းနေထိုင်သည့် နိုင်ငံ သို့မဟုတ် တရားဝင် လုပ်ငန်းတည်ရှိရာ နိုင်ငံသည် နိုင်ငံတော်တွင် မဟုတ်လျှင် ၎င်းတို့ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် လုပ်ငန်းတည်ရှိရာနိုင်ငံရှိ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် လျှောက်လွှာပုံစံ GI-2 သို့မဟုတ် GI-11 ပူးတွဲ တင်ပြရမည်။

၅၁။ (က) ကိုယ်စားလှယ်ဖြင့် လွှဲအပ်ဆောင်ရွက်ခြင်းဖြစ်လျှင် မှတ်ပုံတင်အရာရှိသည် ဆောင်ရွက်မည့်ကိစ္စများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်ထံသို့သာ ဆက်သွယ်ဆောင်ရွက်ရမည်။

( ခ ) လွှဲအပ်ခံရသည့် ကိုယ်စားလှယ်က မှတ်ပုံတင်အရာရှိထံ ဆက်သွယ် ဆောင်ရွက်သည့် မည်သည့်ဆောင်ရွက်ချက်ကိုမဆို ကိုယ်စားလှယ် လွှဲအပ်ထားသူက ဆောင်ရွက်သကဲ့သို့ မှတ်ယူရမည်။

( ဂ ) ကိုယ်စားလှယ်တစ်ဦးထက်ပို၍ လွှဲအပ်ထားလျှင် မှတ်ပုံတင်အရာရှိသည် လျှောက်ထားချက်တွင် ရေးသားဖော်ပြထားသည့် ကိုယ်စားလှယ်ကိုသာ ဆက်သွယ်ဆောင်ရွက်ရမည်။

၅၂။ ကိုယ်စားလှယ် လွှဲအပ်ထားခြင်း မရှိလျှင်ဖြစ်စေ၊ ကိုယ်စားလှယ် လွှဲအပ်ခြင်းနှင့် စပ်လျဉ်း၍ ဤနည်းဥပဒေများပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိလျှင်ဖြစ်စေ မှတ်ပုံတင်အရာရှိသည်

မည်သည့်ဆက်သွယ်ဆောင်ရွက်ချက်ကိုမဆို လျှောက်ထားသည့်အဖွဲ့အစည်း၊ ကန့်ကွက်သူ၊ အကျိုးသက်ဆိုင်သူ သို့မဟုတ် အယူခံလျှောက်ထားသူကိုသာ ဆက်သွယ်ဆောင်ရွက်ရမည်။

၅၃။ ကိုယ်စားလှယ် လွှဲအပ်သူသည် -

(က) ကိုယ်စားလှယ်အမည်ကို မည်သည့်အချိန်တွင်မဆို ပြောင်းလဲပေးရန် အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ လိုအပ်သော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်လွှာပုံစံ GI-12 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) ကိုယ်စားလှယ်အမည်ကို မည်သည့်အချိန်တွင်မဆို ပယ်ဖျက်ပေးရန် လျှောက်လွှာ ပုံစံ GI-13 ဖြင့် မှတ်ပုံတင်အရာရှိထံလျှောက်ထားနိုင်သည်။

၅၄။ နည်းဥပဒေ ၅၃ အရ လျှောက်ထားချက်ကို မှတ်ပုံတင်အရာရှိက လက်ခံရရှိသည့် နေ့မှစ၍ ကိုယ်စားလှယ်အမည် ပယ်ဖျက်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းသည် အကျိုးသက်ရောက်စေရ မည်။

၅၅။ မှတ်ပုံတင်အရာရှိသည် ကိုယ်စားလှယ်အမည် ပယ်ဖျက်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းကို ယင်းသို့ ပယ်ဖျက်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းခံရသည့် ကိုယ်စားလှယ်ထံ အကြောင်းကြား ရမည်။

## အခန်း (၁၄)
## အထွေထွေ

၅၆။ မည်သူမဆိုဥပဒေနှင့် ဤနည်းဥပဒေများအရ ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များ လျှောက်ထားရာတွင် ဝန်ကြီးဌာနက သတ်မှတ်သော လျှောက်လွှာပုံစံဖြင့် လျှောက် ထားရမည်။

၅၇။ ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပေးသွင်းရမည့် အခကြေးငွေများကို အေဂျင်စီက ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် သတ်မှတ်ထုတ်ပြန်သည့်အတိုင်း ပေးသွင်းရမည်။

၅၈။ ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိက ချမှတ်သော ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို ထုတ်ပြန် ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထား ပူးတွဲ၍ လျှောက်လွှာပုံစံ GI-14 ဖြင့် မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီနည်းဥပဒေများပါ သတ်မှတ်ချက် များနှင့်အညီ အေဂျင်စီထံ အယူခံဝင်နိုင်သည်။

၅၉။ လျှောက်ထားသည့်အဖွဲ့အစည်းသည် ၎င်း၏ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် မည်သည့် သတင်းအချက်အလက်ကိုမဆို မှတ်ပုံတင်အရာရှိထံ အကြောင်းကြားနိုင်သည်။

၆၀။ ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ထုတ်ပြန်ကြေညာရာတွင် ဦးစီးဌာန၏ အင်တာနက် စာမျက်နှာ (Website) မှ တစ်ဆင့် အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ၊ ဦးစီးဌာန၏ ထုတ်ပြန်ကြေညာချက်စာအုပ် (Publication Book) ဖြင့် ဖြစ်စေ ထုတ်ပြန်ကြေညာရမည်။

၆၁။ ဥပဒေ၊ ဤနည်းဥပဒေများနှင့်အညီ မှတ်ပုံတင်အရာရှိထံ တင်ပြသောလျှောက်ထားချက်နှင့်အတူ ပူးတွဲပါရှိသည့်စာရွက်စာတမ်းများနှင့် အခြားဆက်သွယ်ဆောင်ရွက်သော စာရွက်စာတမ်းများသည် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာမဟုတ်သော စာရွက်စာတမ်းများဖြစ်ပါက မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုပေးရမည်။ ဘာသာ ပြန်ဆိုချက်သည် တိကျမှန်ကန်ကြောင်း လျှောက်ထားသည့် အဖွဲ့အစည်း သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်က လက်မှတ်ရေးထိုးရမည်။

၆၂။ ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်ပေးရန်လျှောက်ထားသည့် အဖွဲ့အစည်း သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်သည် မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့ လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့ လည်းကောင်း ဘာသာပြန်ဆိုပေးရန် မှတ်ပုံတင်အရာရှိက တောင်းဆိုလျှင် ဘာသာပြန်ဆိုပေးရမည်။

၆၃။ ဥပဒေ၊ ဤနည်းဥပဒေများပါ မည်သည့် အချိန်ကာလကိုမဆို သက်တမ်းကုန်ဆုံးခြင်းကို တွက်ချက်ရာတွင် အချိန်ကာလ စတင်ပေးသည့်နေ့ရက်မှစ၍ ရေတွက်ရမည်။

၆၄။ (က) ဥပဒေနှင့် ဤနည်းဥပဒေများပါ သတ်မှတ်ထားသည့် အချိန်ကာလမကုန်ဆုံးမီ အချိန်ကာလထပ်မံ တိုးမြှင့်ပေးရန် လျှောက်ထားသူသည် ခိုင်လုံသော အကြောင်းပြချက်ဖြင့် အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထား ပူးတွဲ၍ လျှောက်လွှာပုံစံ GI-15 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိသည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး အကြောင်းပြချက် ခိုင်လုံပါက အချိန်ကာလ ထပ်မံတိုးမြှင့်ပေး၍ လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထပ်မံတိုးမြှင့်ပေးသော အချိန်ကာလသည် တစ်ကြိမ်လျှင် ရက်ပေါင်း ၃၀ ဖြင့် အများဆုံး လေးကြိမ်အထိသာ ခွင့်ပြုနိုင်သည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ မှတ်ပုံတင်အရာရှိက အချိန်ကာလ တိုးမြှင့်ခွင့်ပြုပြီးလျှင် ဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များကဲ့သို့သော ကြိုတင်မမျှော်မှန်းနိုင်သည့် အထူးကိစ္စရပ်များအတွက် ရက်ပေါင်း ၃၀ ဖြင့် တစ်ကြိမ် သက်တမ်းတိုးမြှင့်ပေးခြင်းမှတစ်ပါး နောက်ထပ်အချိန်ကာလ တိုးမြှင့်ပေးခြင်း မပြုရ။

၆၅။ မှတ်ပုံတင်အရာရှိသည်ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍-

(က) ဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်သော လျှောက်လွှာပုံစံများကို အများပြည်သူသိရှိ အသုံးပြုနိုင်ရန် ကြေညာရမည်။

(ခ) အေဂျင်စီက ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထုတ်ပြန်သော အခကြေးငွေများနှင့် ဦးစီးဌာနက သတ်မှတ်သည့် ပေးသွင်းရမည့် နည်းလမ်းများကို အများပြည်သူသိရှိ အသုံးပြုနိုင်ရန် ကြေညာရမည်။

၆၆။ မည်သူမဆို ဦးစီးဌာနသို့ ပေးသွင်းထားသည့် အခကြေးငွေများကို မည်သည့်အခြေအနေတွင်မျှ ပြန်လည်ရထိုက်ခွင့် မရှိစေရ။

(ပုံ)
ချစ်ဆွေ
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စက - ၁၁ / ၂ - ၃၇ / ၂၀၂၅ ( ၁၉ )
ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်

**ဖြန့်ဝေခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ယာယီသမ္မတရုံး
နိုင်ငံတော်ဝန်ကြီးချုပ်ရုံး
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အမှုဆောင်ချုပ်ရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ကြားရေးမှူးချုပ် } **မြန်မာနိုင်ငံ ပြန်တမ်းအပိုင်း (၁) တွင်**
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } **ထည့်သွင်းကြေညာပေးပါရန်**
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
(ညီနောင်အသင်းအဖွဲ့များထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။)

အမိန့်အရ

၂၁. ၁၁. ၂၀၂၃

အောင်သွင်ဦး
အမြဲတမ်းအတွင်းဝန်